# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၈)
# လူထုကို ကောင်းကျိုးပြုသည့် နိုင်ငံရေး အတွေးအခေါ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တည်ရှိနေတဲ့ လူ့အဖွဲ့အစည်းကို ဘက်ပေါင်းစုံကနေ ရောင်ပြန်ဟပ်စေပြီးမှ ရေးဆွဲပြဋ္ဌာန်းရတဲ့အရာမျိုးဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အရေးအကြီးဆုံးအရာတွေထဲက တရပ်ကတော့ နိုင်ငံရေးအတွေးအခေါ် အယူအဆတွေ ပါဘဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းနီးပါးဟာ နိုင်ငံရေးအတွေးအခေါ်အယူအဆ တရပ်ရပ်ကို ထင်ဟပ်ရေးဆွဲပြဋ္ဌာန်းကြရ စမြဲပါ။ ဒီ တပတ်မှာ ကမ္ဘာမှာထင်ရှားတဲ့ အတွေးအခေါ်အယူအဆနှစ်ရပ် အခြေခံကနေ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချည်းကပ်ပုံကို တင်ပြပါမယ်။ တရပ်ကတော့ လစ်ဘရယ်ဝါဒဖြစ်ပြီး အခြားတရပ်ကတော့ ဆိုရှယ်လစ် ဝါဒ ပါ။ မြန်မာနိုင်ငံမှာတော့ လက်ယာနဲ့လက်ဝဲ အယူအဆများရယ်လို့လူသိများကြပါတယ်။ သူ့နည်း သူ့ဟန်နဲ့ သူလူ့အဖွဲ့အစည်းကို အကျိုးပြုကြတဲ့အပိုင်းတွေ ရှိပါတယ်။

လစ်ဘရယ်ဝါဒရဲ့အခြေခံတွေ အဖြစ်နဲ့အချက် (၇) ရပ်ကို တင်ပြလိုပါတယ်။ လစ်ဘရယ်ဝါဒဟာ

(၁) လူတဦးချင်းကို အဓိကထားတယ်။ လူကို တန်ဘိုးထားရမယ်။ လူတဦးချင်းစီရဲ့ရပ်တည်မှုနဲ့ လွတ်လပ်မှုကို အသိအမှတ်ပြုရမယ်။ လူတဦးခြင်းရဲ့ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို အများဆုံးအကာအကွယ်ပေးရ မယ်။

(၂) တိုင်းပြည် နဲ့အစိုးရရဲ့တည်ရှိမှုနဲ့လိုအပ်ချက်ကို အသိအမှတ်ပြုပေမယ့် အဲဒါဟာ လူတဦးချင်းစီ၏ လွတ်လပ်မှုကို အာမခံချက်ပေးဘို့သာ ဖြစ်တယ်လို့ခံယူတယ်။

(၃) တိုင်းပြည်အတွင်း လူ့အဖွဲ့အစည်းအတွင်းမှာ လူတဦးချင်းစီရဲ့ မတူတဲ့ နိုင်ငံရေးအယူအဆတွေရှိနိုင်တယ်။ အဲဒီအယူအဆတွေကို လက်ခံပေးရမယ်။ နိုင်ငံအတွင်းရှိသော ပြည်သူလူထုရဲ့ စိတ်ကျေနပ်ပျော်ရွှင်မှုကို ဖန်တီးပေးရမယ်။

(၄) နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားထားရမယ်။

(၅) ဒီမိုကရေစီနည်းကျ မဲဆန္ဒပေးပြီး အစိုးရကို ရွေးချယ်တင်မြှောက်ရမယ်။

(၆) ပုဂ္ဂလိက ပစ္စည်း ပိုင်ဆိုင်မှုကို အာမခံရမယ်။

(၇) လုံးဝ လွတ်လပ်တဲ့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတွေ တည်ရှိစေရမယ်။

အမေရိကန်ပြည်ထောင်စု ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လစ်ဘရယ်ဝါဒ အခြေခံနဲ့ ရေးဆွဲခဲ့တယ်လို့ပြောနိုင်တယ်။လူကို တန်ဘိုးထား၊ လူတဦးချင်းစီရဲ့ရပ်တည်မှုနဲ့ လွတ်လပ်မှုကို အသိအမှတ်ပြု၊ လူတဦးခြင်းရဲ့အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို အများဆုံးအကာအကွယ်ပေးရမယ်ဆိုတဲ့ အတွေးအခေါ်၊ အယူအဆအပေါ် အခြေခံထားတဲ့ အောက်ပါ ပြဋ္ဌာန်းချက် တရပ်ကို လေ့လာကြည့်ပါ။

လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်ကို ကန့်သတ်တဲ့ မည်သည့် ဥပဒေကိုမျှ ကွန်ဂရက်က ပြဋ္ဌာန်းခွင့်မရှိစေရ။

အမေရိကန်ပြည်ထောင်စု ရဲ့ ကွန်ဂရက်ဆိုတာ အမြင့်ဆုံးဥပဒေပြုလွှတ်တော်ဖြစ်ပါတယ်။ ဒါပေမယ့် လွှတ်တော်အမတ်တွေဟာ သူတို့ကြိုက်တဲ့ ဥပဒေတွေကို ပြုခွင့်မရှိပါဘူး။ သူတို့ပြုတဲ့ ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ဘို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူတယောက်ခြင်းစီရဲ့ အခြေခံလွတ်လပ်မှု အခွင့်အရေးတရပ်ဖြစ်တဲ့ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုပိုင်ခွင့်ကို အထက်ပါအတိုင်းကာကွယ်ပြဋ္ဌာန်းပေး လိုက်တဲ့အခါမှာ နောင်ကို လွှတ်တော်မှာ ဘယ်သူတွေဘဲ အမတ်တွေ တက်လုပ်ပါစေ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုဆို သမတတင်မြှောက်လိုက်ပါစေ၊ နိုင်ငံသားတွေရဲ့လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်ကို ကန့်သတ်လို့လုံးဝမရတော့ဘူး ဆိုတာတွေ့ရပါတယ်။ ဒါဟာ လစ်ဘရယ်ဝါဒရဲ့ ကောင်းကျိုးပြုမှုလို့ ပြောရမှာပါဘဲ။

ဆိုရှယ်လစ်ဝါဒရဲ့အခြေခံတွေ အဖြစ်နဲ့အောက်ပါတို့ကို တွေ့ရှိရပါတယ်။

(၁) လူ့အဖွဲ့ အစည်းမှာ ရှိတဲ့ လူတွေတဦးနဲ့အခြားတဦးအကြားမှာ တန်းတူညီမျှမှု ရှိသင့်တယ်။ လူတန်းစား ခွဲခြားမှုကို ဆန့်ကျင်တယ်။ လူတန်းစားမဲ့ လောက တည်ဆောက်ရေးကို ရှေ့ရှုတယ်။

(၂) တိုင်းပြည်ကို အမိကထားတယ်။ အလုပ်သမားလူတန်းစားကို ကိုယ်စားပြုတဲ့ပါတီက အစိုးရဖွဲ့ ပြီး တိုင်းပြည်ကို ဦးဆောင်တယ်။
(၃) လူတဦးခြင်းစီတိုင်းရဲ့ လုပ်အားစွမ်းရည်အလိုက် အလုပ်လုပ်သလောက် အကျိုးခံစားခွင့် ရယူရေးမူကနေ လိုသလောက် ခံစားရေး မူကို တိုးမြှင့် ကျင့်သုံးတယ်။
(၄) ကုန်ထုတ်စွမ်းအားစုများ အားလုံးကို နိုင်ငံပိုင်ပြုလုပ်ပြီး ရရှိလာတဲ့ အကျိုးအမြတ်နဲ့ နိုင်ငံသားတွေရဲ့ ဘဝကို အာမခံချက်ရှိအောင် တာဝန်ယူတယ်။
(၅) ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုအပေါ် ကန့်သတ်မှုတွေ ကျင့်သုံးတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းခဲ့တဲ့ ကာလအတွင်းမှာရော၊ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာရော နိုင်ငံရေးခေါင်းဆောင် အများစုဟာ ဆိုရှယ်လစ်ဝါဒကို လက်ခံယုံကြည်ခဲ့ကြတယ်လို့ ပြောနိုင်တယ်။ ဒါကြောင့် အကျိုးဆက်အနေနဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့တဲ့ အခါမှာ ဆိုရှယ်လစ်စနစ်ရဲ့ အငွေ့အသက်တွေများစွာထင်ဟပ်ခဲ့တယ် ဆိုတာ အောက်ပါ ပြဌာန်းချက်တွေကို လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်။

အပုဒ် (၂၃)
ပုဒ်ခွဲ (၁) ----------------------------------------------------------------
ပုဒ်ခွဲ (၂) ကိုယ်ပိုင်ပစ္စည်း အသုံးချနိုင်သော အခွင့်အရေးကို ပြည်သူ့အကျိုးပျက်စီးအောင် မည်သူမျှ အသုံးမပြုရ။
ပုဒ်ခွဲ (၃) ဈေးနှုန်းများကို ချုပ်ကိုင်ရန် သော်၎င်း၊ အရောင်းအဝယ်တို့ကိုလက်ဝါးကြီး အုပ်ရန်သော်၎င်း၊ ဖွဲ့စည်းသော၊ သို့တည်းမဟုတ် နိုင်ငံတော်၏ စီးပွားရေး ပျက်စီးရာပျက်စီးကြောင်း ဖြစ်သော ကာတယ် အဖွဲ့များ၊ ဆင်ဒီကိတ်အဖွဲ့များ၊ ထရတ် အဖွဲ့များ အစရှိသော ကိုယ်ပိုင်လက်ဝါးကြီး အုပ် အဖွဲ့များ မရှိရ။
ပုဒ်ခွဲ (၄) နိုင်ငံတော်သည် ပြည်သူ့အကျိုးအတွက် လိုအပ်ပါက ပိုင်ရှင်အားမည်ကဲ့သို့သော ကိစ္စမျိုးတွင် မည်မျှလျော်ကြေးပေးရမည်ဟု ပြဌာန်းထားသော တရားဥပဒေနှင့် အညီသာလျှင် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်ချုပ်ချယ်နိုင်သည်။ သို့တည်းမဟုတ် သိမ်းပိုက်နိုင်သည်။
ပုဒ်ခွဲ (၅) ----- ပြည်သူ့အကျိုးအတွက် လိုအပ်ပါက နိုင်ငံ၏ စီးပွားရေးနှင့် သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကို သော်၎င်း၊ တဦးတည်းပိုင် လုပ်ငန်းများကို သော်၎င်း၊ နိုင်ငံတော်သည် တရားဥပဒေ ပြဌာန်း၍ နိုင်ငံပိုင် ပြုလုပ်နိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်အတွက် သိမ်းယူနိုင်သည်။

ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်ကနေ ၁၉၄၉ ခုနှစ်မှာ လွတ်လပ်ရေးရလာတဲ့ တရုပ်ပြည်ဟာ ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။ ဒါပေမယ့် တရုပ်ခေါင်းဆောင်ကြီးတိန့် ရှောင်ဖိန် ဦးဆောင်ချမှတ်ခဲ့တဲ့ မူဝါဒ အထက်စီးရလာပြီးတဲ့အခါမှာ ဆိုရှယ်လစ်စနစ်အခြေခံကို မပြောင်းပယ်သော်လည်း လူတန်းစားတိုက်ပွဲအရေးထက် တရုပ်ပြည် တိုးတက်ဖွံ့ဖြိုးမှုကို ပိုပြီးဇောင်းပေးလာခဲ့တယ်။ ကြောင်ဖြူတာမဲတာကအဓိက မဟုတ် ကြွက်သေဘို့က အဓိက ဖြစ်တယ် လို့ ထောက်ပြခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ တဖက်ကဥပဒေစိုးမိုးရေးကိုပြန်လည်တည်ဆောက်တယ်။ အခြားတဖက်က ဆိုရှယ်လစ်စနစ်ဘောင်ထဲကနေ ပုဂ္ဂလိက စီးပွားရေးအခြေခံတွေကို စနစ်တကျချမှတ်ကျင့်သုံးခဲ့တယ်။ ၁၉၈၂ ခုနှစ် တရုပ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပါတဲ့ အောက်ပါပြဌာန်းချက်တွေကို လေ့လာကြည့်ပါ။

အပုဒ် (၁၁)။ ။ မြို့ပြနှင့် ကျေးလက်နေ ပြည်သူတို့ကဥပဒေနှင့် အညီ လည်ပတ်ကျင့်သုံးသော ပုဂ္ဂလိက စီးပွားရေးသည် ဆိုရှယ်လစ် လူထုစီးပွားရေးကို ဖြည့်ဆည်းပေးသည့် အရာဖြစ်သည်။ **နိုင်ငံတော်သည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ တရားဝင် အခွင့်အရေးနှင့် အကျိုးစီးပွားများကိုကာကွယ် စောင့်ရှောက်သည်။**

အပုဒ် (၁၃)။ ။ ဥပဒေနှင့် အညီရှာဖွေရရှိထားသော ဝင်ငွေများ၊ စုဆောင်းမှုများ၊ အိမ်ယာများ၊ အခြား တရား ဝင်ပစ္စည်း ဥစ္စာများအပေါ် နိုင်ငံသားများ၏ ပိုင်ဆိုင်မှု အခွင့်အရေးကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်သည်။

အပုဒ် (၁၈) တရုပ်ပြည်သူ့ သမတ နိုင်ငံသည် နိုင်ငံခြားသားများပိုင်ဆိုင်သည့် လုပ်ငန်းများ၊ နိုင်ငံခြားသားစီးပွားရေး အဖွဲ့အစည်းများ၊ တသီး ပုဂ္ဂလနိုင်ငံခြားသားများ တရုပ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုသည်။ ၎င်းတို့၏ အခွင့် အရေး နှင့် အကျိုးစီးပွားများကို ဥပဒေနှင့် အညီကာကွယ်စောင့်ရှောက်သည်။

နအဖရဲ့ ဖွဲ့စည်းပုံမူတွေကို နိုင်ငံရေး အတွေးအခေါ်အယူအဆ အခြေခံကနေ သုံးသပ်ကြည့်ကြပါစို့။ နအဖ ဟာ ဖွဲ့စည်းပုံမူတွေကို ရေးဆွဲချမှတ်ဘို့ကြိုးစားတဲ့နေရာမှာ နိုင်ငံရေးအတွေးအခေါ်အယူအဆတွေကို ဘယ် တုံးကမှ ဆွေးနွေးခဲ့ခြင်းမရှိ။ ဘာနိုင်ငံရေး အတွေးအခေါ်အယူအဆ ကိုမှ ခိုင်ခိုင်မာမာ အခြေခံထားခြင်း မရှိဘဲ လူအမြင် ကောင်းရုံ ဟိုကဆွဲ၊ သည်ကပေါင်း နဲ့ချမှတ်ထားတဲ့ မူတွေလို့ပြောရမှာပါ။ လစ်ဘရယ်ဝါဒရဲ့အခြေခံအရ ဖေါ် ဆောင်ပေးရမယ့် လူတဦးချင်းစီရဲ့လွတ်လပ်မှုကို အာမခံတဲ့ ဘာပြဌာန်းချက် တစုံတရာမျှ မပါရှိပါ။ ရွေးကောက် ပွဲဝင်စရာမလိုဘဲ စစ်ဗိုလ်တွေက လွှတ်တော်ကိုယ်စားလှယ်ဦးရေရဲ့လေးပုံတပုံယူမယ်ဆိုတဲ့ အချက်ဟာ ဆိုရှယ်လစ် စနစ်ရဲ့ကောင်းကျိုးကြောင့် တကမ္ဘာလုံး ပြည်သူတွေ ခံစားနေကြတဲ့ တန်းတူညီမျှရေးမူ သဘောတရား ကို ချေဖျက်လိုက်ပြီးလဲ ဖြစ်ပါတယ်။

စီးပွားရေး နှင့် စပ်လျဉ်းသည့် အခြေခံမူ များ ဆိုတဲ့ခေါင်းစဉ်နဲ့ နအဖရဲ့ အောက်ပါ ပြဌာန်းချက်ကို လေ့လာကြည့်ပါ။

**နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။**

နအဖရဲ့အဆိုပါပြဌာန်းချက်ဟာ စီးပွားရေး လုပ်ငန်းတွေကို ဆောင်ရွက်ခွင့်ပြုကြောင်း ရောလုံးထားတာသာ ဖြစ်ပါတယ်။ ပုဂ္ဂလိက စီးပွားရေးအခြေခံကို ကာကွယ်စောင့်ရှောက်ထားတဲ့ ရှင်းလင်းတဲ့ပြဌာန်းချက်ဘာတခုမျှ မပါရှိ ပါ။ ဒီ အချက်ကို တရုပ်ပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ အပုဒ် (၁၁) မှာပါတဲ့ **နိုင်ငံတော်သည် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ၏ တရားဝင် အခွင့်အရေးနှင့် အကျိုးစီးပွားများကိုကာကွယ် စောင့်ရှောက်သည်** ဆိုတဲ့ ပြဌာန်းချက်နဲ့ နှိုင်းယှဉ်ကြည့်လျှင် မြင်နိုင်မှာဖြစ်ပါတယ်။

သူ့နည်းသူ့ဟန်နဲ့ သူ ကမ္ဘာလောကကြီးကို အကျိုးပြုနေတဲ့ နိုင်ငံရေး အတွေးအခေါ်အယူအဆတွေကို နအဖက ဘာတခုမျှ ရှင်းရှင်းလင်းလင်း ကိုင်စွဲပြီး ရေးဆွဲထားခြင်း မဟုတ်တာကြောင့် နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူထုအတွက် ဘယ်လိုမှ အကျိုးရှိနိုင်မှာ မဟုတ်တဲ့ အကြောင်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။